# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၀၆ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

## မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာစာအဖွဲ့၏လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ပိုမိုဆောင်ရွက်နိုင်ရေးနှင့် မြန်မာဘာသာစကားနှင့် တိုင်းရင်းသားဘာသာစကားများ အစွန့်ရှည်စွာ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် **“မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဂ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (ဃ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပါမောက္ခချုပ်<br>ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဎ) | ပါမောက္ခချုပ်<br>သတင်းအချက်အလက်နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဏ) | အဖွဲ့ဝင်များ<br>မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မြန်မာ့သမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (န) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာစာ၊ မြန်မာဘာသာစကား၊ တိုင်းရင်းသားဘာသာစကား၊ မြန်မာ ဗျည်း သရ အက္ခရာ၊ သဒ္ဒါ၊ အထားအသို၊ အသုံးအနှုန်း၊ အပြောအဆို၊ အရေးအသားတို့ကို ထုံးမီစံမှျ မှန်ကန် တိကျရေးနှင့် အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ခြင်း၊

(ဂ) မြန်မာယူနီကုဒ် (Unicode) စနစ်အသုံးပြု၍ မြန်မာဘာသာစကားအတွက် ကွန်ပျူတာ၏ဘာသာစကားစွမ်းဆောင်မှုနည်းပညာ (Natural Language Processing – NLP) လုပ်ငန်းစဉ်များတိုးချဲ့ခြင်း၊

(ဃ) မြန်မာစာကို အွန်လိုင်းဆက်သွယ်ရေးကွန်ရက် (Cyberspace) တွင် အခြားဘာသာ စကားများနည်းတူ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(င) စက်ဘာသာပြန် (Machine Translation) စနစ်တည်ဆောက်ခြင်း၊

(စ) စကားသံကို ကွန်ပျူတာစက်က အလိုအလျောက် သိရှိနားလည်မှု (Automatic Speech Recognition) စနစ်တည်ဆောက်ခြင်း၊

(ဆ) ဉာဏ်ရည်တု (Artificial intelligence – AI) နည်းပညာကို မြန်မာရေးထုံးမူများနှင့် ချိတ်ဆက်၍ ကျယ်ပြန့်စွာအသုံးချရေးအတွက် ဆောင်ရွက်ခြင်း။

၃။ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ပညာရေးဝန်ကြီး ဌာန က ဆောင်ရွက်ရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး